## ကေအန်ယူ–ကရင်အမျိုးသားအစည်းအရုံး
## မူတြော်ခရိုင်
## ကော်သူးလေ

ရက်စွဲ – ၁၇ ဧပြီလ ၂၀၂၁

### လွှတ်တော်ကိုယ်စားပြု(CRPH)၏လုပ်ဆောင်မှုကို ထောက်ခံခြင်းနှင့်ပြည်တွင်း(CDM)လှုပ်ရှားမှုများအား ထောက်ခံဝန်းရံခြင်း သဘောထားထုတ်ပြန်ချက်။

၁။ လွှတ်တော်ကိုယ်စားပြု(CRPH)၏ လုပ်ဆောင်မှုနှင့်သဘောထားထုတ်ပြန်ချက်များသည် မိမိတို့လိုလားသည့်စစ်မှန်သောပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စု ဦးတည်နေသောကြောင့် မိမိတို့မူတြော်ခရိုင်နှင့် (KNLA)အမှတ်(၅)တပ်မဟာမှထောက်ခံကြိုဆိုပါသည်။

၂။ ပြည်တွင်ရှိအရပ်သားပြည်သူလူငယ်များနှင့်အလုပ်သမားဝန်ထမ်းများမှ တိုင်းပြည်အာဏာကိုတရားနည်းလမ်းမကျဘဲအတင်းအဓမ္မသိမ်းယူခဲ့သည့်စစ်အာဏာရှင်စစ်ကောင်စီအုပ်စုကိုအာဏာဖီဆန်ဆန္ဒပြမှု(CDM)ပြုလုပ်ခြင်းကိုထောက်ခံအားပေးသည်၊

၃။ လက်နက်မဲ့ပြည်သူများ၊ လူငယ်ကျောင်းသားများနှင့် ရဟန်းသံဃာများ၏ဆန္ဒပြတောင်းဆိုမှုများကို လစ်လျူရှုပြီးလက်နက်ကြီး၊ လက်နက်ငယ်ဖြင့် ရက်စက်ကြမ်းကြုတ်စွာပစ်ခတ်ဖြိုခွင်းခဲ့သည့် စစ်အာဏာရှင် စစ်ကောင်စီအား မူတြော်ခရိုင်နှင့် (KNLA) အမှတ်(၅)တပ်မဟာမှ အပြင်းအထန်ရှုတ်ချပါသည်။

၄။ တိုင်းပြည်အာဏာကို မတရားသဖြင့် အတင်းအဓမ္မရယူပြီး လူထုခေါင်းဆောင် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင် ဆန်းစုကြည်အပါအဝင်သမ္မတဦးဝင်းမြင့်နှင့်အခြားခေါင်းဆောင်များ တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးချုပ်နှောင်ထောင်ချခဲ့သည်မှာ နှစ်လခွဲ သုံးလနီးပါးရှိပြီးဖြစ်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂအပါအဝင်ဘယ်နိုင်ငံဘယ်အဖွဲ့အစည်းမှ တိုင်းပြည်အာဏာသိမ်းစစ်အာဏာရှင်အုပ်စုကို တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုသလို မိမိတို့မူတြော်ခရိုင်နှင့်(KNLA)အမှတ်(၅)တပ်မဟာမှ တာဝန်ရှိသူများအနေဖြင့်လည်း ၄င်းတိုင်းပြည်အာဏာ အတင်းအဓမ္မရယူထားသည့် စစ်အာဏာရှင်စစ်ကောင်စီအဖွဲ့ကိုတိုင်းပြည်ခေါင်းဆောင်အဖြစ်လုံးဝအသိအမှတ်မပြုချေ။

၅။ စစ်အာဏာရှင်အုပ်စုကို တိုင်းပြည်ခေါင်းဆောင်အဖြစ်အသိအမှတ်မပြုရုံသက်သက်မဟုတ်ဘဲ စစ်အာဏာရှင်စံနစ်အဆုံးသတ်ရေး၊ စစ်မှန်သောပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် တစိုက်မတ်မတ် ကြိုးစားခဲ့သည့် မူတြော်ခရိုင်နှင့်(KNLA)အမှတ်(၅)တပ်မဟာမှ တာဝန်ရှိခေါင်းဆောင်များအနေဖြင့် ပြည်သူလူထုနှင့်ပူးပေါင်းပြီး စစ်အာဏာရှင်အမြစ်ပြတ်ကျဆုံး(အဆုံးသတ်)ရေးအမြဲကြိုးစားနေမည်ဖြစ်ပါသည်။

၆။ ထို့ကြောင့်မူတြော်(ဖါပွန်)ဒေသအတွင်း တိုင်းပြည်အာဏာကိုမတရားသဖြင့် အတင်းအဓမ္မရယူထားသည့် စစ်အာဏာရှင်အုပ်စုစစ်ကောင်စီအဖွဲ့၏ ချလာမည့်အုပ်ချုပ်ရေးယန္တယားဖြစ်သည့် မြို့နယ်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများတွင် ပြည်သူလူထုမှထောက်ခံအားပေးခြင်း ပူးပေါင်းပါဝင်ခြင်းလုံးဝမပြုရန်နှင့် လွှတ်တော်ကိုယ်စားပြု(CRPH)၏ လုပ်ဆောင်မှုပြည်တွင်းရှိပြည်သူများ၊လူငယ်ကျောင်းသားများနှင့်ရဟန်းသံဃာများ၏(CDM)လှုပ်ရှားမှုနှင့် အာဏာဖီဆန်ဆန္ဒပြမှုများကို ထောက်ခံသောအားဖြင့် မိမိတို့မူတြော်ခရိုင်နှင့်(KNLA)အမှတ်(၅)တပ်မဟာမှ တာဝန်ရှိသူတို့နှင့်ပူးပေါင်းပါဝင်ကြပါ။

၇။ ဌာနဝန်ထမ်းများ၊ရုံးလုပ်သားများအလုပ်မဆင်းဘဲ မတရားသောစစ်ကောင်စီ၏အာဏာဖီဆန်ပြီး မြို့နယ်ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၏တာဝန်ကို လက်မခံကြရန်နှင့်လက်ခံပြီးသားသူများတာဝန်မှနုတ်ထွက်ရန် တိုက်တွန်းအားပေးသည်။

၈။ လပ်ငန်းတာဝန်မဆင်းဘဲ အာဏာဖီဆန်ပြီး အဆင့်ဆင့်အုပ်ချုပ်ရေးမှူးတာဝန်ငြင်းဆန်ခြင်းကြောင့် အသက်အန္တရာယ်နှင့်ကြုံလာရရင် လွတ်ရာကိုရှောင်ထွက်ပြီး သက်ဆိုင်ရာမူတြော်ခရိုင်နှင့် (KNLA)အမှတ်(၅)တပ်မဟာတာဝန်ရှိသူများအဆင့်ဆင့်ကိုဆက်သွယ်ပြီး လိုအပ်သည်များကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်၊

**ပဒိုစောမန်းမန်း – ဖုန်း(+၆၆၈၇၇၉၄၃၈၇၅၀ )**
**ဒုဗိုလ်မှူးကြီး စောကလယ်ဖို – ဖုန်း( ၀၉၈၈၃၉၄၃၀၂၆ )**

အလုပ်အမှုဆောင်ကော်မတီ
(KNU)–ကရင်အမျိုးသားအစည်းအရုံး
မူတြော်ခရိုင်
ကော်သူးလေ